# ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ကြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ကြီး သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ရေးရာဆောင် အမှတ် (I-10) ၌ တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများ၊ နည်းဥပဒေများနှင့် မူဝါဒများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် အသေးစားစက်မှုလက်မှု လုပ်ငန်းများထွန်းကားရေးဆိုင်ရာကိစ္စရပ်များ၊ သမဝါယမကဏ္ဍမှ စိုက်ပျိုးရေး မွေးမြူရေး ကုန်ထုတ် လုပ်ငန်း အကောင်အထည်ဖော်ဆောင်နေမှုဆိုင်ရာ ကိစ္စရပ် များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ ဆောင်ရွက်ရန်လျာထားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဦးစီးဌာနအလိုက် ရှင်းလင်း တင်ပြကြပြီး ကော်မတီအဖွဲ့ဝင်များမှ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။